ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

# (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၂၇၃ ) ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ မေလ ၂၂ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - U SAW JIA LUO<br>ဒါရိုက်တာ |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - Myan Oil Terminal Company Limited<br>အမှတ် (၅၆)၊ အခန်း (၄၀၁)၊ (၄) လွှာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - စက်သုံးဆီတင်သွင်းဖြန့်ဖြူးရေးလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်အရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့မှ ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - ၁၅ ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - မြေကွက်အမှတ် (၃/က)၊ သီလဝါဆိပ်ကမ်းဒေသ၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | - စတင်ထုတ်ပေးရက် - ၁၁-၄-၂၀၂၅<br>သက်တမ်းကုန်ဆုံးရက် - ၁၀-၄-၂၀၃၀ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - Myan Oil Terminal Company Limited ၏ ၁၄-၁၁-၂၀၂၄ ရက်စွဲပါစာဖြင့် တင်ပြသည့် "ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP)" |



၂၂.၅.၂၀၂၅

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်းမဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်း သည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ (က)

**Myan Oil Terminal Company Limited မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စက်သုံးဆီသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းစီမံကိန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ Myan Oil Terminal Company Limited မှ ဆောင်ရွက်လျက်ရှိသည့် စက်သုံးဆီသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်ရှိ သီလဝါပြည်တွင်းစီးပွားရေးဇုန်ရှိ လုပ်ငန်းများကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျလိုက်နာဆောင်ရွက်ပြီးမှ လုပ်ကိုင် ခွင့်ပြုရန် ဦးမြလှိုင်ပါ (၄) ဦးမှ တင်ပြလာမှုအား သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၄-၉-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ (သစ်တော) ၃(၂)/၁၆(ဃ)/ (၃၈၅၉ /၂၀၁၉) နှင့် ညွှန်ကြားရေးမှူးချုပ်ရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၃၀-၈-၂၀၁၉ ရက်စွဲပါစာအမှတ်၊ အီးအိုင်အေ -၂/၂(၁၇၉၇/၂၀၁၉) စာများဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အကြောင်းကြားခဲ့ရာ သီလဝါဒေသရှိ စက်ရုံ/အလုပ်ရုံများအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အစီရင်ခံစာ ရေးဆွဲဆောင်ရွက်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၁၉-၉-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ မရက-၉/န-ထွေ/၂၀၁၉ (၆၂၈၂) စာအရ ရေးဆွဲတင်ပြရခြင်းဖြစ်ပြီး Myan Oil Terminal Company Limited ၏ ၁၄-၁၁-၂၀၂၄ ရက်စွဲပါစာဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံ ခန့်ခွဲမှုအစီအစဉ်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်ပါသည်။

၂။ **စီမံကိန်းအဆိုပြုသူ။** U SAW JIA LUO အမှတ် (၅၆)၊ အခန်း (၄၀၁)၊ (၄) လွှာ၊ ကမ္ဘာအေး ဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ Myan Oil Terminal Company Limited ဖြစ်ပါသည်။


၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အဖွဲ့ပိုင်ဆိုင်သည့် ရန်ကုန်မြစ်ကမ်းတစ်လျှောက် မြေဧရိယာ (၁၅) ဧက အကျယ်အဝန်းရှိသော အကျယ် မီတာ ၂၀၀ နှင့် အရှည် မီတာ ၇၀၀ မြေကွက်ပေါ်တွင် လောင်စာဆီ တင်/ ချခြင်း၊ ရေနံထွက် ပစ္စည်းများ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်သည့် လုပ်ငန်းဖြစ်ပါကြောင်း၊ စီမံကိန်းသည် ဓါတ်ဆီ၊ ချောဆီ၊ လေယာဉ်ဆီနှင့် ရေနံချေးများကို သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းအား ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆိပ်ကမ်းဧရိယာအနီးတဝိုက်တွင် လောင်စာဆီတင်သင်္ဘောမှ လောင်စာ ဆီလက်ခံခြင်း၊ လောင်စာဆီသိုလှောင်ကန်များတွင် သိုလှောင်ခြင်း၊ ရေနံချေး သိုလှောင်ဖြန့်ဖြူးခြင်း၊ လောင်စာဆီတင်ကားများအား လောင်စာဆီ ဖြည့်တင်းဖြန့်ဖြူးခြင်း၊ ရေယာဉ်နှင့် သင်္ဘောကုန်တင် ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အား ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အဆိုပြုစီမံကိန်းတွင် ဝန်ထမ်း (၅၀) ဦးခန့်ဖြင့် လုပ်ငန်း ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းဆိုင်ရာ အခြေခံဆောက်အဦများဖြစ်သည့် မီတာ (၁၇၀) ရှိသော ဆိပ်ခံတံတား (၁) စင်း၊ လုံခြုံရေးဂိတ် (၂) ခု၊ လောင်စာဆီတင်ယာဉ်များရပ်နားရန်နေရာ၊ ရုံး


အဆောက်အဦ၊ ခာတ်ခွဲခန်း၊ လောင်စာဆီသိုလှောင်ကန် (၁၄) ကန်၊ မီးစက်အဆောက်အဦ (၁) လုံး၊ နိုင်ငံတော် ပိုင်ခာတ်အားလိုင်းမှ ရယူထားသော (၂၅၀၀) ကေဗွီအေ ထရန်စဖော်မာ (၁) လုံး တို့ဖြင့် လည်ပတ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း စီမံကိန်းဆောင်ရွက်ရာတွင် ရေအရင်းအမြစ်အား ဓာမဏီ ဆည်မှ သောက်သုံးရေနှင့် အထွေထွေအသုံးပြုရန်အတွက် အသုံးပြုပြီး ရေအသုံးပြုမှုမှာ တစ်လလျှင် ခန့်မှန်းခြေ (၂၀၀) ကုဗမီတာ (၅၂၈၃၄ ဂါလံ) အား သုံးစွဲရမည်ဖြစ်ပါကြောင်း၊ သောက်သုံးရေအား ရေသန့်စနစ်ထားရှိအသုံးပြု၍ ထောက်ပံ့ပေးထားမည် ဖြစ်ပါကြောင်း၊ မီးဘေးအန္တရာယ်အတွက် ရေအရင်းအမြစ်အား ရန်ကုန်မြစ်မှ ရယူ၍ ၄,၀၀၀ ကုဗမီတာဆန့် မီးသတ်ရေ သိုလှောင်ကန်ဖြင့် သိုလှောင်ထားရှိမည်ဖြစ်ပါကြောင်း၊ လောင်စာဆီ လိုအပ်ချက်မှာ တစ်လလျှင် ဒီဇယ်ဆီ ၁၅၀၀ ကီလိုဝပ်မှ ၃၀၀၀ ကီလိုဝပ်ခန့်အားလည်းကောင်း၊ လျှပ်စစ်ခာတ်အားသုံးစွဲမှုအနေဖြင့် တစ်လလျှင် ၁၀၀၀၀ ယူနစ်မှ ၂၀၀၀၀ ယူနစ်ခန့်အားလည်းကောင်း၊ အထွေထွေအသုံးပြုရန်အတွက် တစ်လလျှင် ရေဂါလံ ၂၀၀ ကုဗမီတာ (၅၂၈၃၄ ဂါလံ) ခန့်အား လည်းကောင်း  အသုံးပြုရမည်ဖြစ်ပါကြောင်း၊ မီးဘေးအန္တရာယ်အတွက် ရန်ကုန်မြစ်မှ ရေဂါလံ (၄၀၀၀) ကုဗမီတာအား သိုလှောင်ထားရှိမည် ဖြစ်ပါကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ မြေကွက်အမှတ် (၃/ က)၊ သီလဝါဆိပ်ကမ်းဒေသ၊ မြောက်လတ္တီကျူ ၁၆° ၄၀' ၁၉.၇၆" နှင့် အရှေ့လောင်ဂျီကျူ ၉၆° ၁၄' ၅၄.၄၅" အတွင်း တည်ရှိပါကြောင်း၊ စီမံကိန်းသည် ရန်ကုန်မြို့၏ တောင်ပိုင်းတွင်လည်းကောင်း၊ ရန်ကုန်မြစ်၏ အရှေ့ဘက်ကမ်းနှင့် ပင်လယ်ဝမှ (၂၅) ကီလိုမီတာ အကွာတွင် တည်ရှိကြောင်း ဖော်ပြထားပါသည်။


Myan Oil Terminal Company Limited ၏ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ မြေကွက်အမှတ် (၃/ က) တွင် ဆောင်ရွက်လျက်ရှိသည့် စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရေးလုပ်ငန်း၏ တည်နေရာပြမြေပုံ



Myan Oil Terminal Company Limited ၏ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ မြေကွက်အမှတ် (၃/ က) တွင် ဆောင်ရွက်လျက်ရှိသည့် စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း၏ အကွက်ချမြေပုံ



Myan Oil Terminal Company Limited ၏ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ မြေကွက်အမှတ် (၃/ က) တွင် ဆောင်ရွက်လျက်ရှိသည့် စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း၏ သိုလှောင်ကန်စနစ်နှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံ



နောက်ဆက်တွဲ (ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များ နှင့် အထွေထွေစည်းကမ်းများ**
**ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

ဖ။ စီမံကိန်းအဆိုပြုသူက Myan Oil Terminal Company Limited မှ ဆောင်ရွက်လျက်ရှိသည့် စက်သုံးဆီသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းအတွက် Myan Oil Terminal Company Limited ၏ ၁၄-၁၁-၂၀၂၄ ရက်စွဲပါစာဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** အဆိုပြုစီမံကိန်းတွင် ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေသည့် စီမံခန့်ခွဲမှုအစီအစဉ်များဖြစ်သော မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာ ဖွဲ့စည်းမှုများ၊ ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းများ၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ နိုင်ငံတကာ စံချိန်စံညွှန်းများ၊ သက်ရောက်မှု သုံးသပ်ခြင်းနှင့် ထိန်းချုပ်လုပ်ဆောင်မှု အစီအမံများ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအမံများ၊ ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုရေးနှင့် ပြည်သူလူထုပူးပေါင်း ဆောင်ရွက်ရေး အစီအစဉ်များအား သတ်မှတ်စံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကုမ္ပဏီမှ လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** စီမံကိန်းသည် ဓါတ်ဆီ၊ ချောဆီ၊ လေယာဉ်ဆီနှင့်ရေနံချေးများကို သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းအားဆောင်ရွက်သွားမည်ဖြစ်ပြီး ဆိပ်ကမ်းဧရိယာအနီးတဝိုက်တွင် လောင်စာဆီတင်သင်္ဘောမှ လောင်စာဆီလက်ခံခြင်း၊ လောင်စာဆီသိုလှောင်ကန်များတွင် သိုလှောင်ခြင်း၊ ရေနံချေးသိုလှောင်ဖြန့်ဖြူးခြင်း၊ လောင်စာဆီ တင်ကားများအား လောင်စာဆီ ဖြည့်တင်းဖြန့်ဖြူးခြင်း၊ ရေယာဉ်နှင့် သင်္ဘောကုန်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အား ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) VOC ထုတ်လွှတ်မှုများကို ဖမ်းယူထားနိုင်ရန် သိုလှောင်ကန်များပေါ်တွင် အငွေ့ပြန် ထိန်းသည့်စနစ်များ တပ်ဆင်ရန်၊

(၂) ယိုစိမ့်ခြင်းနှင့် ဓာတ်ငွေ့ယိုစိမ့်ထုတ်လွှတ်မှုများအား ကြိုတင်တားဆီးထားနိုင်ရန် သိုလှောင်ကန်များနှင့် ပိုက်လိုင်းများအား ပုံမှန်ပြုပြင် ထိန်းသိမ်းခြင်းနှင့် စစ်ဆေးရန်၊

(၃) စီမံကိန်းဝန်းကျင်ရှိ လေထုအရည်အသွေးအား စောင့်ကြပ်ကြည့်ရှုခြင်းနှင့် လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်၊

(၄) စီမံကိန်းလည်ပတ်မှု လုပ်ငန်းစဉ်များတွင် ရေနံထွက်ပစ္စည်းများအား ဘေးကင်းစွာ ကိုင်တွယ်ရန်အတွက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာနှင့် လုပ်ငန်းခွင် စည်းကမ်းများအား လိုက်နာရန် သင်တန်းပေးရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေသန့်စင်သည့်စနစ် အသုံးမပြုဘဲ စွန့်ပစ်ရေများအား မြစ်ထဲသို့ တိုက်ရိုက် စွန့်ပစ်ခြင်းအား ခွင့်မပြုရန်၊

(၂) ဆီနှင့်လောင်စာဆီများ ရေမြောင်းထဲသို့ ဖိတ်စင်ခြင်း (သို့) ယိုစိမ့်ခြင်း မဖြစ်စေရန်အတွက် စနစ်တကျသိုလှောင်ခြင်းနှင့် ကိုင်တွယ်ရန်၊

(၃) လုပ်ငန်းများဆောင်ရွက်မှုအတွက် ဆီပါဝင်သောရေများ သန့်စင်ပြုပြင်သည့် စနစ်တပ်ဆင်ခြင်းနှင့် စုဆောင်းကန်ထားရှိရန်၊

(၄) မိုးရေများစီးဆင်းမှုနှင့် ရေသန့်စင်ပြုပြင်သည့်စနစ်မှ ထွက်ရှိလာသည့် စွန့်ပစ်ရေများအတွက် လုံလောက်သည့် ရေမြောင်း စနစ်များ ထားရှိရန်၊

(၅) စီမံကိန်းအဆောက်အဦးများတွင် မိလ္လာစနစ်များ ထားရှိပြီး မြို့နယ်စည်ပင်နှင့် ချိတ်ဆက်၍ နှစ်စဉ်ရှင်းလင်းရန် စီစဉ်ထားရှိရန်၊

(၆) သောက်သုံးရေနှင့် အထွေထွေသုံးရေအတွက် Reverse Osmosis (RO) ရေသန့်စင်စနစ် တပ်ဆင်ထားရှိရန်၊

(၇) မြစ်ကမ်းနားဒေသတွင် ဒေသမျိုးရင်းများ စိုက်ပျိုးခြင်းဖြင့် မြစ်ကမ်းပါးထိန်းပေးခြင်း၊ ရေအရည်အသွေးအား ကောင်းမွန်စေခြင်းနှင့် ကုန်းနေ၊ ရေနေ သတ္တဝါများအတွက် ကျက်စားရာနေရာ ရရှိစေရန်။

(င) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြစ်ကမ်းရိုးတန်းတစ်လျှောက် တည်ရှိသည့် အပင်များနှင့် ဂေဟစနစ်များ အပေါ် ထိခိုက်စေသော လုပ်ငန်းများ ဆောင်ရွက်ခြင်းကို တတ်နိုင်သမျှ ရှောင်ရှားရန်၊

(၂) စီမံကိန်းတည်ရှိရာ သီလဝါဆိပ်ကမ်းဒေသနှင့် ပတ်ဝန်းကျင်ရှိ မြေအမျိုးအစားမှာ မြက်ခင်းပြင်မြေ အမျိုးအစားနှင့် ရေလွှမ်းလွင်ပြင်ဖြစ်၍ ကမ်းပါးပြိုမှု မဖြစ်စေရေးအတွက် စီမံကိန်းအနေဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့နှင့် အတူ သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(၃) ဆီသိုလှောင်ရာနေရာများတွင် ယိုစိမ့်မှုနှင့် မြေပြင်အက်ကွဲမှုများကို စစ်ဆေးရန်၊

(၄) အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းစဉ်များတွင် ယိုစိမ့်မှု တုံ့ပြန်ရေးအစီအစဉ်နှင့် ဝန်ထမ်းများ လေ့ကျင့်သင်ကြားမှုကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(စ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အရန်မီးစက်များ၊ စက်ယန္တရားများနှင့် ယာဉ်များအတွက် လိုအပ်သလို ပုံမှန် စစ်ဆေးရန်၊

(၂) အရည်အသွေးမြင့်မားသော မီးစက်များနှင့် ယာဉ်များအသုံးပြုခြင်းဖြင့် ဆူညံသံအား လျှော့ချရန်၊

(၃) အသုံးမပြုသည့်အချိန်တွင် အင်ဂျင်စက်များအား ပိတ်ထားရန်၊

(၄) ဆူညံသံ ကြားခံများအဖြစ် ဆိပ်ကမ်းဧရိယာနယ်နိမိတ်တွင် သစ်ပင်များ စိုက်ပျိုးခြင်း၊ ခြံစည်းရိုးခတ်ခြင်းအား ဆောင်ရွက်ရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အမှိုက်ပုံးများအား စီမံကိန်းနေရာ အသီးသီးတွင် ထားရှိ၍ စွန့်ပစ်ပစ္စည်းများ စုဆောင်းရန်၊

(၂) စွန့်ပစ်ပစ္စည်း အမျိုးအစားအလိုက် စုဆောင်းထားရှိရန်၊

(၃) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် သင်္ဘောများမှ အမှိုက်စွန့်ပစ်ခြင်းကို တားမြစ်ရန်၊

(၄) အမှိုက်စွန့်ပစ်ရန်အတွက် သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရန်။

(ဇ) **ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ယိုစိမ့်ခြင်းများကို ကာကွယ်ရန် သိုလှောင်ကန်များနှင့် ပိုက်လိုင်းများကို ပုံမှန် ထိန်းသိမ်းခြင်းနှင့် စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ရန်၊

(၂) လက်အိတ်များ၊ ဘေးကင်းရေးမျက်မှန်များနှင့် ဖိနပ်များ အပါအဝင် သင့်လျော်သော တစ်ကိုယ်ရေ အကာအကွယ် ပစ္စည်းများ (PPE) ကို အလုပ်သမားများအား ထောက်ပံ့ပေးရန်၊

(၃) ရေနံထွက်ပစ္စည်းများ ဘေးကင်းစွာ ကိုင်တွယ်ခြင်းနှင့် အရေးပေါ် တုံ့ပြန်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း သင်တန်း အစီအစဉ်များကို ပုံမှန် ဆောင်ရွက်ရန်၊

(၄) ယိုစိမ့်မှုများကို ချက်ခြင်းသိရှိနိုင်စေရန်နှင့် ပြုပြင်ထိန်းသိမ်းမှုများအတွက် ပုံမှန် စစ်ဆေးရန်၊

(၅) မီးဘေးအန္တရာယ်အတွက် မီးသတ်ဆေးဘူးများကို အလွယ်တကူရရှိ နိုင်စေရန်နှင့် ဝန်ထမ်းများအား ၎င်းတို့၏ အသုံးပြုမှုကို လေ့ကျင့်ပေးရန်၊

(၆) စီမံကိန်းတစ်ခုလုံးတွင် ရှင်းလင်းသော သတိပေးဆိုင်းဘုတ်များနှင့် တံဆိပ်များကို ထားရှိရန်၊

(၇) ရေနံထွက်ပစ္စည်းများ သိုလှောင်ခြင်းနှင့် ကိုင်တွယ်ခြင်းအတွက် သက်ဆိုင်ရာ ဒေသနှင့် နိုင်ငံအလိုက် စည်းမျဉ်းစည်းကမ်းများအားလုံးကို လိုက်နာဆောင်ရွက်ရန်။

(ဈ) **သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းမှ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့တွင် ပါဝင်သော အဖွဲ့ဝင်တစ်ဦးချင်းစီ၏ တာဝန်နှင့် အခန်းကဏ္ဍများ သတ်မှတ်ဆောင်ရွက်ရန်၊

(၂) အဖွဲ့မှ အရေးပေါ်ကိစ္စရပ်များဖြစ်ပွားပါက ဆက်သွယ်နိုင်မည့် ဆေးရုံ၊ မီးသတ်ဌာန၊ ရဲတပ်ဖွဲ့နှင့် အခြားသက်ဆိုင်ရာဌာနများ၏ ဖုန်းနံပါတ်များအား ပြုစုထားရှိရန်၊

(၃) မီးဘေးအန္တရာယ်အခြေအနေများ၊ သဘာဝဘေးအန္တရာယ်များ၊ ဆေးဘက်ဆိုင်ရာ အရေးပေါ်အခြေအနေများနှင့် ဘေးလွတ်ရာသို ပြောင်းရွှေ့ခြင်းဆိုင်ရာလုပ်ထုံး လုပ်နည်းများအပါအဝင် အရေးပေါ်အခြေအနေအမျိုးမျိုးအတွက် လက်စွဲစာအုပ်များအား ရေးဆွဲပြုစုထားရှိရန်၊

(၄) စီမံကိန်းသည် အရေးပေါ်အခြေအနေများဖြစ်ပွားပါက မြို့နယ်နှင့် တိုင်းဒေသကြီးတို့မှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်။

(ည) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) Nitrogen Dioxide ($NO_2$), Ozone ($O_3$), Particulate Matter ($PM_{2.5}$), Particulate Matter ($PM_{10}$), Sulfur Dioxide, Carbon Monoxide (CO) စသည် လေအရည်အသွေးတိုင်းတာခြင်းအား တစ်နှစ်လျှင် (၂) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၂) အသံဆူညံမှုနှင့် တုန်ခါမှုအရည်အသွေးအား လုပ်ငန်းခွင်အတွင်း တစ်နှစ်လျှင် (၂) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၃) ရေအရည်အသွေးအား စီမံကိန်းအတွင်း လောင်စာဆီများကို ဆိပ်ခံတံတားနှင့် သိုလှောင်ကန်များကြား ဆက်သွယ်ထားသော ပိုက်လိုင်းများနှင့် မြစ်ကြောင်းသုံးဝမ်းပြားရေယာဉ်များအသုံးပြု၍ လောင်စာဆီများ သယ်ယူရာတွင် မြစ်အတွင်း ယိုဖိတ်မှုများ မရှိစေရန် (၆) လ တစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၄) မြေအရည်အသွေးကောက်ယူခြင်းအား လောင်စာဆီ တင်/ချသည့် နေရာတွင် တစ်နှစ်လျှင် (၂) ကြိမ် ကောက်ယူစစ်ဆေးရန်၊

(၅) အစိုင်အခဲစွန့်ပစ်ပစ္စည်းများအား အပတ်စဉ်စောင့်ကြပ်ကြည့်ရှု၍ (၆) လ တစ်ကြိမ် စောင့်ကြည့်စစ်ဆေးရန်၊

(၆) ဇီဝမျိုးစုံမျိုးကွဲစောင့်ကြည့်ခြင်းအား တစ်နှစ်လျှင် (၁) ကြိမ်ဆောင်ရွက်ရန်၊

(၇) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအား အပတ်စဉ် စောင့်ကြပ် ကြည့်ရှုစစ်ဆေးရန်၊

(၈) အများပြည်သူကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းအား နှစ်စဉ်စောင့်ကြပ် ကြည့်ရှု ရန်၊

(၉) အရေးပေါ်အခြေအနေတုံ့ပြန်မှုအတွက် အရေးပေါ်ကယ်ဆယ်ရေး လမ်းကြောင်း များနှင့် လုပ်ထုံးလုပ်နည်းများ၊ ရှေးဦးသူနာပြု ဆေးပုံးများထားရှိမှုနှင့် သင်တန်းများ ပေးခြင်းနှင့် အရေးပေါ်ဆက်သွယ်ရေး သတင်းအချက်အလက်များ ထားရှိခြင်း စသည်တို့အား (၆) လ တစ်ကြိမ်ဆောင်ရွက်ရန်၊

(၁၀) မီးဘေးအန္တရာယ် ကင်းရှင်းရေးအတွက် မီးသတ်ပစ္စည်း ကိရိယာများနှင့် မီးဘေး အန္တရာယ်စစ်ဆေးခြင်းအား လစဉ်ဆောင်ရွက်ရန်၊

(၄) **တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအစီအစဉ်အတွက် တာဝန် ယူဆောင်ရွက်မည့်အဖွဲ့အစည်းအား အစီရင်ခံစာ၌ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်း ဆောင်ရွက်ရမည်။

(၅) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာန ဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက် သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလား ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရမည်။

(၃) **လျာထားအသုံးစရိတ်။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြု မည့် လျာထားအသုံးစရိတ်အား အောက်ပါ ကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်း ဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးစောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် နှစ်စဉ် (၆ လ တစ် ကြိမ်) သိန်း (၇၀) အား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) အသံဆူညံမှုစောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် နှစ်စဉ် (၆ လ တစ် ကြိမ်) သိန်း (၂၄) အား သုံးစွဲ မည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) ရေအရည်အသွေးစောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် နှစ်စဉ် (၆ လ တစ်ကြိမ်) သိန်း (၈၀) အား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) မြေအရည်အသွေးစောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် နှစ်စဉ် (၆ လတစ်ကြိမ်) (၅)သိန်းအား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၅) စွန့်ပစ်အမှိုက်စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် နှစ်စဉ် (၁၀) သိန်းအား သုံးစွဲ မည်ကို လိုက်နာဆောင်ရွက်ရန်၊

(၆) ဇီဝမျိုးစုံမျိုးကွဲစောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် နှစ်စဉ် (၁၀) သိန်းအား သုံးစွဲ မည်ကို လိုက်နာဆောင်ရွက်ရန်၊

(၇) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး စောင့်ကြပ်ကြည့်ရှုမှုအတွက် လစဉ် (၅) သိန်းအား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၈) ဒေသဆိုင်ရာ ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေး စောင့်ကြပ်ကြည့်ရှုမှုအတွက် နှစ်စဉ်(၁၀) သိန်းအား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၉) အရေးပေါ်အခြေအနေ တုန့်ပြန်မှုအစီအစဉ် စောင့်ကြပ်ကြည့်ရှုမှုအတွက် နှစ်စဉ် (၂၀) သိန်းအား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၁၀) မီးဘေးလုံခြုံရေး အစီအစဉ် စောင့်ကြပ်ကြည့်ရှုမှုအတွက် နှစ်စဉ် (၁၀) သိန်းအား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(ဓ) **နစ်နာမှုများအတွက် တိုင်ကြားခြင်းဆိုင်ရာ ဖြေရှင်းပေးခြင်းအစီအစဉ်။** နစ်နာမှုများအတွက် တိုင်ကြားခြင်းဆိုင်ရာ ဖြေရှင်းပေးခြင်းနှင့်စပ်လျဉ်း၍ ကတိကဝတ်တွင် ဖော်ပြချက်နှင့်အညီ ဆောင်ရွက်သွားရမည်။

(ဏ) **မြင်ကွင်းပသာဒဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်။** စီမံကိန်းကြောင့် မြင်ကွင်းပသာဒအပေါ် ထိခိုက်မှုလျော့ပါးစေရေး ဆောင်ရွက်မည့် အစီအစဉ်နှင့်စပ်လျဉ်း၍ အပင်များကို ခုတ်ထွင်ရှင်းလင်းမှုကို လျှော့ချခြင်း၊ သစ်ပင်ကြီးများရှိနေလျှင် ချန်ထားခြင်း၊ ဖြစ်နိုင်လျှင် ရှင်းလင်းခံရသောအပင်များကို လျော်ကြေးပေးခြင်းများ ဆောင်ရွက်ရမည်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှု ဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း

စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်စေမီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန်၊

(၂) ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၃) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၄) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များ စုစည်းခြင်းနှင့် ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ရန်နှင့် လေဟာပြင်မီးရှို့မှုများ မပြုလုပ်ရန်၊

(၆) စွန့်ပစ်ပစ္စည်းများအားသက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသောနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၇) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိ ဆောင်ရွက်ရန်၊

(၉) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနှင့် စီမံကိန်းလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၁၀) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(၁၁) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်အရ အပိုဒ် ၂.၁.၉ ရေနံစိမ်းနှင့် ရေနံထုတ်ကုန်သယ်ပို့သိုလှောင် စခန်းလုပ်ငန်းဆိုင်ရာ စွန့်ထုတ်အရည်အဆင့် သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) စီမံကိန်းနှင့် အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်၊

(၅) အလုပ်သမားတန်းလျားများ၊ အိမ်သုံး၊ မီးဖိုချောင်သုံးလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ရေများ၊ မိလ္လာစနစ်များမှ ထွက်ရှိလာသော စွန့်ထုတ်ရေများနှင့်စီးဆင်းရေများအတွက် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ရန်၊

(၆) ထိတွေ့ဝန်းကျင်လေအရည်အသွေး စံနှုန်းများနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထိတွေ့ဝန်းကျင်လေအရည်အသွေးစံနှုန်းများ သတ်မှတ်ထုတ်ပြန်ပါက ၎င်းစံနှုန်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန်နှင့် စံနှုန်းများထုတ်ပြန်ခြင်းမပြုမီ ကြားကာလအတွင်း လေအရည်အသွေး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌

တိုင်းတာချက်ရလဒ်များကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၈) အနီးပတ်ဝန်းကျင်ရေအရည်အသွေးစံနှုန်းများနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အနီးပတ်ဝန်းကျင် ရေအရည်အသွေးဆိုင်ရာ စံနှုန်းများထုတ်ပြန်ပါက ၎င်းစံနှုန်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန်၊

(၉) သောက်သုံးရေအရည်အသွေးစံနှုန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အမျိုးသားသောက်သုံးရေ ဆိုင်ရာအရည်အသွေးစံနှုန်းများ၏ လမ်းညွှန်ချက်သတ်မှတ်တန်ဖိုးများနှင့်အညီလိုက်နာဆောင်ရွက်ရန်၊

(၁၀) ဆူညံသံစံနှုန်းများနှင့်စပ်လျဉ်း၍ စီမံကိန်းမှ ဆူညံသံသက်ရောက်မှုသည် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် ဆူညံမှုအဆင့် သတ်မှတ်ချက်များအားကျော်လွန်ခြင်း (သို့မဟုတ်) စီမံကိန်းလုပ်ငန်း၏ အပြင် နေရာတွင်ရှိသော အနီးဆုံးလက်ခံရရှိမည့်နေရာတွင် နောက်ခံဆူညံမှုအဆင့် သတ်မှတ်ချက် ၃ dBA ထက် ကျော်လွန်ခြင်းမရှိစေရေး ဆောင်ရွက်ရန်။

(ဂ) **ရေရှည်တည်တံ့စေသော ထုတ်လုပ်မှုနှင့်သုံးစွဲမှုဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် စီမံကိန်းတွင် ကုန်ကြမ်းပစ္စည်းများ၊ စွမ်းအင်နှင့်ရေတို့ကို ထိရောက်အကျိုးရှိစွာသုံးစွဲကြောင်း သေချာစေရန် သင့်လျော်သောနည်းလမ်းများကို ဆောင်ရွက်ရမည်။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများနှင့်သုံးစွဲမည့်ရေပမာဏတို့ကို မှတ်တမ်းတင်ထားရမည်ဖြစ်ပြီး၊ ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများကို လျှော့ချနိုင်မည့် သို့မဟုတ် ကုန်ကြမ်းပစ္စည်းနှင့် သုံးစွဲရေတို့ကို ပိုမိုထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်မည့် သင့်လျော်သော အစားထိုးပစ္စည်းများရရှိနိုင်ခြင်း ရှိ/ မရှိကို အနည်းဆုံး (၃) နှစ် တစ်ကြိမ် ဆန်းစစ်သုံးသပ်၍ မှတ်တမ်းတင်ထားရှိရမည်။

(ဃ) **လေအရည်အသွေးဆိုင်ရာစည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ စွန့်ပစ်ရေ၊ စီးဆင်းရေ၊ ထုတ်လွှတ်အရည်များနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းဧရိယာအတွင်း လေထုအရည်အသွေးအပေါ် သက်ရောက်မှုရှိသည့် အတွက် ကြိုတင်ကာကွယ်ရေးအစီအမံများ ဆောင်ရွက်ထားရှိရန်။

( စ) **ရေအသုံးပြုမှုနှင့် စွန့်ပစ်ရေဆိုင်ရာ စည်းကမ်းချက်များ။** အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ထုတ်အရည်နှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ စက်သုံးဆီအရောင်းဆိုင်လုပ်ငန်းပါ လမ်းညွှန်ချက်အရ အပိုဒ် ၂.၁.၉ ရေနံစိမ်းနှင့် ရေနံထုတ်ကုန်သယ်ပို့သိုလှောင်စခန်းလုပ်ငန်းဆိုင်ရာ စွန့်ထုတ်အရည်အဆင့် သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ရေစီးရေလာကောင်းမွန်စေရန်အတွက် စီမံကိန်းဧရိယာအတွင်းရှိ ရေမြောင်းများအား ပုံမှန်ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်၊

(၃) အဆိုပြုစီမံကိန်းမှမည်သည့်စွန့်ပစ်ရေကိုမျှ စီမံကိန်းဧရိယာပြင်ပသို့ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သန့်စင်ခြင်းမပြုလုပ်ဘဲ စွန့်ထုတ်ခြင်းမပြုရန်၊

(၄) FGD စနစ်မှထွက်ရှိလာသည့် စွန့်ပစ်ရေများကို ၎င်းစနစ်အတွင်းသာ ပြန်လည်လှည့်ပတ်အသုံးချရန်နှင့် ၎င်းစနစ်မှထွက်ရှိလာသောမည်သည့် စွန့်ပစ်ရေကိုမျှ စီမံကိန်းဧရိယာပြင်ပသို့ စွန့်ထုတ်ခြင်းမပြုရန်။

(ဆ) **ဆူညံသံနှင့်တုန်ခါမှုဆိုင်ရာ စည်းကမ်းချက်များ။** ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃dBA ထက် မကျော်လွန်စေရေးလိုက်နာ ဆောင်ရွက်ရန်၊

(ဇ) **စွန့်ပစ်ပစ္စည်းများဆိုင်ရာစည်းကမ်းချက်များ။** အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အပိုဘေးထွက်ပစ္စည်းများအား ပြင်ပ သို့စွန့်ပစ်ရန် (သို့မဟုတ်) ရောင်းချရန်လိုအပ်ပါက ဝန်ကြီးဌာနသို့တင်ပြ၍ ခွင့်ပြု ချက် ရယူဆောင်ရွက်ရန်၊

(၂) လုပ်သားများ နေထိုင်သည့်အဆောက်အဦများမှ စွန့်ပစ်ရေအားလုံးကို ခွင့်ပြုထားသော နေရာအတွင်း သတ်မှတ်စံနှုန်းများနှင့်အညီ စွန့်ပစ်ရန်၊

(၃) စီမံကိန်းမှထွက်ရှိမည့် အမှိုက်အားလုံးအတွက် သင့်လျော်သော အမှိုက်ပုံးများ၊ ပြန်လည်အသုံးပြုရန်ဧရိယာများကို ခွဲခြားသတ်မှတ်ပြီး ထိုဧရိယာအား ညစ်ညမ်းမှုနှင့် ရောဂါပြန့်ပွားမှုမှကင်းဝေးစေရန် တည်ဆောက်ထိန်းသိမ်းရန်၊

(၄) စီမံကိန်းအဆိုပြုသူသည် စွန့်ပစ်ပစ္စည်းများ မီးရှို့ခြင်းအား ရှောင်ကြဉ်ရမည်ဖြစ်ပြီး စွန့်ပစ်ပစ္စည်းထွက်ရှိမှုအား လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့် စွန့်ပစ်ခြင်းနည်းလမ်းများဖြင့် လျှော့ချ၊ စီမံခန့်ခွဲရန်။

(ဈ) **အန္တရာယ်ရှိပစ္စည်းများနှင့် အန္တရာယ်ရှိ အစိုင်အခဲစွန့်ပစ်ပစ္စည်းများဆိုင်ရာ စည်းကမ်းချက်များ။** အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီရင်ခံစာပါ Waste and Wastewater Management Plan အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၂) Hazardous Waste များအား ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် Management Actions အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၃) အစိုင်အခဲနှင့် ညစ်ညမ်းသောစွန့်ပစ်ရေများအား အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း "DOWA" နှင့် ချိတ်ဆက်ဆောင်ရွက်ရန်။

(ည) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေးကြပ်မတ်ဆောင်ရွက်ရမည်။

(ဋ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်ကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုး တိုးတက်စေရေး တို့ကို ဆောင်ရွက်ပေးရန်နှင့်ဝန်ထမ်းများ၏ ကျန်းမာရေး နှင့်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကိုဆောင်ရွက်ရန်၊

(၂) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) စီမံကိန်းအဆိုပြုသူသည် ဝန်ထမ်းများအတွက် ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ပုံမှန်သင်တန်းများ ဆောင်ရွက်ရန်။

(ဌ) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်း အဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စီမံကိန်းအကောင်အထည် ဖော်သည့် ကာလတစ်လျှောက် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ် ဆောင်ရွက်ရန်၊

(၃) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဍ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) ပိတ်သိမ်းခြင်းလုပ်ငန်းများကို အစီရင်ခံစာတွင် ဖော်ပြထားသည့် လုပ်ငန်း ပိတ်သိမ်းရာ၌ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအတိုင်း လုပ်ငန်းစတင် ဆောင်ရွက်စဉ်ကပင် ကြိုတင်စီစဉ်ထားရှိ လိုက်နာဆောင်ရွက်ရန်နှင့် စီမံကိန်း အဆိုပြုသူသည် ပိတ်သိမ်းရန် စီစဉ်ထားသည့်အချိန်မတိုင်မီ (၁) နှစ်ထက် နောက်မကျစေဘဲ အပြီးသတ်ပိတ်သိမ်းခြင်းအစီအစဉ်ကို တင်ပြရန်၊

(၂) စီမံကိန်းကြောင့် ပျက်စီးသွားသည့် နေရာများတွင် ဒေသနှင့် ကိုက်ညီသည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ အစီရင်ခံစာ၌ ဖော်ပြထားသည့် ကတိကဝတ်အတိုင်း တာဝန်ယူကြီးကြပ်ဆောင်ရွက်ရန်၊

(၃) မြေဆီလွှာပျက်စီးသွားသည့် နေရာများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ လမ်းညွှန်ချက်နှင့်အညီ မြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ အပေါ်ယံမြေဆီလွှာများ ဖုံးအုပ်ခြင်းတို့ကို ဆောင်ရွက်ရန်နှင့် ဒေသနှင့်ကိုက်ညီသော နှစ်ရှည်ပင်များ စိုက်ပျိုးရန်၊ အပင်များ ရှင်သန်ကြီးထွားသည်အထိ တာဝန်ယူဆောင်ရွက်ရန်။

(ဎ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီး ခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေ စေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြား လုပ်ငန်းများဆောင်ရွက်ရန်ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေးတင်ပြရမည်။ ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက် မှု ဖြစ်လာနိုင်သည့်အကြောင်း ကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို ၂၄ နာရီအတွင်းလည်းကောင်း၊ အခြား အကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ် ဖြစ်ရပ် ကို စတင်သိရှိသည့် အချိန်မှ ၇ ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာ သည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှု တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲ မှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်း ကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်း ကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည် တင်ပြ ရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံ စွာ ပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက် စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(ဇ) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(၈) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။** ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းစီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်း

သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ်သတင်းပို့အကြောင်းကြားရန်၊

(၂) စီမံကိန်းဆောင်ရွက်မည့် နေရာဒေသ၏ ဓလေ့ထုံးတမ်းစဉ်လာများ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ အထင်ကရနေရာများကို ထိန်းသိမ်းစောင့်ရှောက်ရန်။

(တ) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက်မနိမ့်ကျသောလူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလိုပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့်စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်၊

(ထ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို စီမံကိန်းနှင့်ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့်ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ဒ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရအဖွဲ့အစည်းထံမှစာဖြင့်ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်း

ပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင်ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာ စုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရန်၊ ပြင်ဆင် ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့်ပြင်ဆင် ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းစသည် တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီး ဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါးအများပြည်သူသိရှိနိုင်ရန်စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာ နေရာများ တွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူသိရှိနိုင်စေရေး တင်ပြထားရှိရန်၊ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်း အဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီး နောက် ၁၀ ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စောင့်ကြပ်ကြည့်ရှုခြင်း၊ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရန် -

(ကက) စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင် နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင် မဆိုဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(ခခ) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည်သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ် ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(ဂဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယို ရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများ ရယူခြင်းနှင့် ကွန်ပျူတာများကိုစစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများ အပါအဝင်

စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟုယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

(ဓ) **ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ ၆ လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့်သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန်တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး ၂ နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာအကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီးတင်ပြရန် ညွှန်ကြားပါက စီမံကိန်း အဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ထိခိုက်မှု ဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်း အချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို မူလအတည်ပြု ခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော် ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သောနည်းလမ်း အစီပွာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိ သာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချ နိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုး သက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ် နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ တစ်ဖက်ပါတို့ကို လိုက်နာဆောင်ရွက် ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေးအာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသောလွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှု မရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---